# မာတိကာ


| | | | |
|---|---|---|---|
| | ❖ | ဒီစာအုပ်နဲ့ပတ်သက်လို့ | ၅ |
| | ❖ | နိဒါန်း | ၁၅ |
| အခန်း | ၁ | ဖွားတော်မူပုံနဲ့ စောစောပိုင်းနှစ်တွေ | ၂၉ |
| အခန်း | ၂ | ဘုရားဖြစ်ဖို့ ကြိုးစားမြို | ၄၁ |
| အခန်း | ၃ | ဘုရားဖြစ်ပြီးနောက် | ၆၃ |
| အခန်း | ၄ | တရားမြန့်ပြီ တရားပြန့်ပြီ | ၈၅ |
| အခန်း | ၅ | အဂ္ဂသာဝကနှစ်ပါး | ၁၁၃ |
| အခန်း | ၆ | အနာထပိဏ်သူဌေး | ၁၃၇ |
| အခန်း | ၇ | ဘိက္ခုနီသာသနာ | ၁၅၇ |
| အခန်း | ၈ | ကောသမ္ဗီအဓိကရုဏ်း | ၁၆၇ |
| အခန်း | ၉ | ဝါတော်နှစ်ဆယ်ပြည့်ပြီ | ၁၈၃ |
| အခန်း | ၁၀ | ကြားကာလ | ၂၂၃ |
| အခန်း | ၁၁ | ပုက္ကုသ | ၂၆၃ |
| အခန်း | ၁၂ | ဝါဒ | ၂၉၅ |
| အခန်း | ၁၃ | အရှင်ဒေဝဒတ် | ၃၅၅ |
| အခန်း | ၁၄ | နောက်ဆုံးအရွယ် | ၃၈၁ |
| အခန်း | ၁၅ | နောက်ဆုံးနှစ် နောက်ဆုံးအချိန် | ၄၀၁ |
| အခန်း | ၁၆ | နိဗ္ဗာန် | ၄၆၉ |
| အခန်း | ၁၇ | ပထမသံဂါယနာ | ၅၂၅ |




ဘိက္ခုဉာဏမောဠိရဲ့ **The Life of the Buddha** စာအုပ်ကတော့ မြန်မာဆရာတော်ကြီးတွေရဲ့ ဗုဒ္ဓဝင်စာအုပ်တွေနဲ့ ခြားနားချက်ရှိနေတယ်။ မြန်မာဆရာတော်တွေကတော့ ပါဠိတော်တွေသာမက အဋ္ဌကထာ ဋီကာတွေထဲမှာပါတဲ့ ဗုဒ္ဓအကြောင်းအရာတွေကိုပါ ဖော်ပြကြတယ်။ ရှေးအဋ္ဌကထာ ဋီကာတွေကိုသာမကဘဲ နောက်ပေါ် ဋီကာတွေကိုပါ ကိုးကြတယ်။ ဒီတော့ အပြောက်အမွမ်းတွေ အားကောင်းပြီး ရောင်စုံပန်းချီကားကြီးလို ရှုချင်သဖွယ် ကောင်းလှတယ်။ တစ်နည်းပြောရရင် မြန်မာဆရာတော်ကြီးတွေက သဒ္ဓါကို ပြဋ္ဌာန်းပြီး ပြုစုတော်မူကြတာ။ ဒါကြောင့်မို့ ဆရာတွေကြီးရဲ့လက်ရာ ဗုဒ္ဓဝင်စာအုပ်ကြီးတွေကို ဖတ်ရင် သဒ္ဓါတရားတွေ တဖွားဖွား ဖြစ်ပေါ်လာပြီး ရတနာသုံးပါးအပေါ် ယုံကြည်မှုအားကောင်းသထက် အားကောင်းသွားတယ်။

ဘိက္ခုဉာဏမောဠိကတော့ ဒီစာအုပ်ကို ပြုစုတဲ့အခါ ဒီဃ၊ မဇ္ဈိမ၊ သံယုတ္တ၊ အင်္ဂုတ္တရဆိုတဲ့နိကာယ်ကြီးလေးရပ်နဲ့ ခုဒ္ဒကနိကာယ်က ခုဒ္ဒကပါဌ၊ ဉဒါန၊ ဣတိဝုတ္တက၊ သုတ္တနိပါတ၊ ဓမ္မပဒ၊ ထေရဂါထာကျမ်းစာတွေကို ကိုးတယ်။ ဝိနယပိဋကက ဝိနည်းငါးကျမ်းထဲက ပါရာဇိက၊ ပါစိတ္တိယ၊ မဟာဝဂ္ဂ၊ စူဠဝဂ္ဂဆိုတဲ့ ဝိနည်းလေးကျမ်းကိုပဲ



ကိုးတယ်။ ပရိဝါရကို နောက်ပေါ်ကျမ်းလို့ယူဆပြီး မကိုးဘူး။ ဗုဒ္ဓဝံသ၊ စရိယာပိဋက၊ အပါဒါနကျမ်းစာတွေကိုလည်း နောက်ပေါ်ကျမ်းလို့ယူဆပြီး မကိုးဘူး။ အဋ္ဌကထာ ဋီကာ ကိုးဖို့ဆိုတာ ဝေးရော။ ဒီတော့ ဘိက္ခုဉာဏမောဠိက သဒ္ဓါထက် ပညာပြဋ္ဌာန်းပြီး ပြုစုတယ်လို့ ယူဆရတယ်။ ဒါတောင် မော်ဒန်စကော်လာတွေ လက်ခံပုံမရတဲ့ မာရ်နတ်ကို ဆရာတော်ကတော့ ယုံကြည်လက်ခံတဲ့ သဘောရှိတယ်။ မာရ်နတ်နဲ့ ပတ်သက်တဲ့ အခန်းတွေ ဒီမှာ ဖော်ပြထားတယ်။ ဆရာတော်က ဒီစာအုပ်ကိုပြုစုတဲ့အခါ အထက်က ဖော်ပြခဲ့တဲ့ ပိဋကကျမ်းစာတွေကို စနစ်တကျ ချဉ်းကပ်ပြီးတော့ ဘုရားဖြစ်တော်မူတဲ့ အချိန်ကစပြီး ပရိနိဗ္ဗာန်ပြုတော်မူတဲ့အချိန်ထိ အတတ်နိုင်ဆုံး ရှေ့နောက်အစဉ်တိုင်း ဖြစ်အောင် ကြိုးစားထားတယ်။ ပထမသံဂါယနာနဲ့ ဒီစာအုပ်ကို နိဂုံးချုပ် အဆုံးသတ်ထားတယ်။

ဆရာတော်ဟာ ပိဋကကို ဘယ်လောက်အထိ ကျေညက်စွာ လေ့လာထားတယ်ဆိုတာ ဒီစာအုပ်မှာ တွေ့ရတယ်။ ဘယ်လောက်အထိ ကြိုးစားထားတယ်ဆိုတာကိုလည်း ဒီစာအုပ်က သက်သေပြနေတယ်။ ဆရာတော်ရဲ့ ဉာဏ်ရည်ဉာဏ်သွေးက ဘယ်လောက်အထိ ထက်မြက်တယ်ဆိုတာ ဒီစာအုပ်မှာ ပေါ်နေတယ်။ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဗိုလ်ငါးပါးနဲ့ ပြည့်စုံတော်မူတဲ့ ဆရာတော်ကို ရိုသေစွာ ရှိခိုးကန်တော့ပါတယ်။